KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဖွန်လ ၆ ရက်, ၂၀၁၆/KHRG စာအမှတ်-16-1-NB1

# ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) မှ အတင်းအကျပ် တပ်သား စုဆောင်းသည် ဟူသော ကောလဟာလ ကြောင့် ရွာသားများ အခမ့်ပြောင်း ရွှေ့မှုဖြစ်ပေါ်၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ မှ အောက်တိုဘာလအတွင်း ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ် တွင် KNLA နှင့် တပ်မတော်အကြား တိုက်ပွဲဖြစ်ခဲ့ပြီးနောက် ထွက်ပြေး တိမ်းရှောင်မှုများ ပိုမိုများပြားလာ

ဤသတင်းအကျဉ်းချုပ်သည်[1] ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် *(KNLA)* မှအတင်းအကျပ် တပ်သားစုဆောင်းသည့် ကောလဟာလ၊ နှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်း ဖာပွန်ခရိုင် ဘူးသိုမြို့နယ်တွင် ဖြစ်ပေါ်ခဲ့သော *KNLA* နှင့် တပ်မတော် စစ်သားများအကြား တိုက်ပွဲ အပြင် ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်း နှင့် အကြမ်းဖက်မှုများကြောင့် ရွာသားများ အခမ့်ပြောင်းရွှေ့ရခြင်း အကြောင်း များ ဖော်ပြထားခြင်းဖြစ်သည်။

- ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၇ နှင့် ၂၈ ရက်အတွင်း ကျောပါး ကျေးရွာအုပ်စုရှိ အ....... ရွာမှ ရွာသား ၄ ဦး နှင့် ဘ......... ရွာမှ ရွာသား ၁၀ ဦးအား *KNLA* စစ်သားများ၏ ဖမ်းဆီးထိန်းသိမ်း ခံရခြင်းမှာ ရွာသားများမှ အရွယ်ရောက်သော အမျိုးသား ၁၀ ဦးအား *KNLA* စစ်သားများ အဖြစ် ထမ်း ဆောင်ရန် မစီစဉ်ပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ၎င်းရွာသားများမှ *KHRG* သို့ တင်ပြခဲ့သည်။ သို့သော် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် *KNLA* မှ ၎င်းတို့၏

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ် ရှုနိုင်ပါသည်။

တပ်သားစုဆောင်းမှုပစ်မှတ်ဖြစ်သည့် အမှုထမ်းရန် သက်တမ်း ပြည့် သွားသော စစ်သားများနေရာတွင်အစားထိုးရန် နှင့်ပတ်သက်၍ ရွာသားများနှင့်သဘော တူညီမှုတစ်ခု ရရှိရန်မျှသာ ဆန္ဒရှိခဲ့ကြောင်း ပြောဆိုခဲ့သည်။ နောက်ပိုင်းတွင် *KNLA* မှ ထိုရွာသား ၁၄ ဦးအား ပြန်လွှတ်ပေးပြီး တပ်သားစုဆောင်းမှုနှင့်ပတ်သက်၍ ဆွေးနွေးရန် အတွက် ရွာသားများအား အစည်းအဝေးသို့ တက်ရောက်ရန် ၎င်းတို့၏ ဖိတ်ကြားခြင်းအား ရွာသားများမှ တပ်သားအတင်းအကျပ် စု ဆောင်းရန်ကြိုးစားသည်ဟု နားလည်မှုလွဲမှားသွားခဲ့ခြင်းဖြစ် ကြောင်း ဆိုပါ ‌ေသည်။

- စက်တင်ဘာ ၂၈ ရက်နေ့ ၂၀၁၅ ခုနှစ် တွင် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်ရှိ အ........ ရွာနှင့် ဘ.........ရွာများမှ ဒေသအတွင်း ရှိရွာသားများအားလုံးနီးပါးသည် *KNLA* ၏အဓမ္မရှင်ဆန်စွာ ဖမ်းဆီးခြင်းနှင့် အတင်းအကျပ် တပ်သားစုဆောင်းမှုရှိသည်ဟု ထင်ခဲ့သည့်အတွက် ရှောင်တိမ်းရန် ဖားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်ရှိ မြိုင်ကြီးငူသို့ ထွက်ပြေးခဲ့သည်။ *KNLA* မှ ထိုရွာသားများ၏သံသယ ပျောက် ကင်းစေရန်နှင့် ၎င်းတို့ရွာသို့ ပြန်လာဖို့တောင်းဆိုရန် စစ်သားများအား လွှတ်လိုက်ရာ ရွာသားအများအပြားက *KNLA* ၏ရှင်းပြချက်များအား နားမထောင်မှီ ထွက်ပြေးခဲ့ကြပါသည်။
- စက်တင်ဘာ ၃၀ ရက်နေ့ ၂၀၁၅ ခုနှစ် တွင် *KNLA* စစ်သားနှစ်ဦးမှာ၎င်းတို့နယ်မြေတွင် ကင်းလှည့်နေသော တပ်မတော်သားများအား သတိပေးသေနတ်ဖောက်ခဲ့သည့် နောက်ဆက် တွဲအဖြစ် တပ်မတော်မှ *KNLA* စစ်သား များ အကြောင်း သတင်းပေးခဲ့ခြင်းမရှိဟု စွပ်စွဲချက်ဖြင့် အသက် ၆၂ နှစ် အရွယ်ရှိ ရွာသားတစ်ဦးအားဖမ်းဆီးကာ အကြမ်းဖက်ညှင်းပန်းခဲ့သည်။ ဤ ဖြစ်ရပ် ကြောင့် ရွာသားများ အဓမ္မပြောင်းရွှေ့ မှု ကို ပိုမိုဆိုးရွားစွာဖြစ်ပေါ်စေခဲ့သည်။ ရွာတွင် တိုက်ပွဲဖြစ်နိုင်သည်ဟု ကြောက်ရွံ့ထိတ်လန့်ရာမှ ရွာသားများစွာ မြိုင်ကြီးငူမြို့သို့ထွက်ပြေးလာ ခဲ့ကြသည်။

**<u>ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် *(KNLA)* တပ်သားစုဆောင်းမှုပစ်မှတ်များနှင့် ဆက်နွယ်၍ ရွာသားများအား ဖမ်းဆီးထိန်းသိမ်းခြင်း ကြောင့်း ရွာသားအမြောက်အမြား အဓမ္မပြောင်းရွှေ့ မှု ဖြစ်ပေါ်</u>**

*KNLAတပ်ထဲ* သို့ဝင်ရောက် စစ်မှုထမ်းရန် အရွယ်ရောက်သော အမျိုးသား ၁၀ ဦးအား ရွာသားများ စီစဉ်ပေးနိုင်ခြင်းမရှိ သည့်နောက်ပိုင်းတွင်တပ်ခွဲ ၄ မှ *KNLA* စစ်သားများသည် ဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်၊ ကျောပါး ကျေးရွာစု၊ အ....... ရွာနှင့် ဘ....... ရွာများတွင်နေထိုင်သော ရွာ လူ ကြီးများနှင့် သာမန်ရွာသားများအပါဝင် လူ ၁၄ ဦးအား ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၇ နှင့် ၂၈ ရက်အတွင်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဤ ထိန်း သိမ်း ထား မှု သည် ရွာသားများအကြား ကြီးစွာသော ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်စေခဲ့သည့်အတွက် ရလဒ်အနေအဖြင့် ရွာ သား မြောက်မြားစွာ[2] သည် *KNLA* ၏အဓမ္မရှင်ဆန်စွာ ဖမ်းဆီးထိန်းသိမ်းမှုအား တိမ်းရှောင်ရန် မြိုင်ကြီးငူမြို့သို့ ထွက် ပြေးလာ ခဲ့ကြပါသည်။

---

[2] ထွက်ပြေးတိမ်းရှောင်လာသော ရွာသားများ၏ခန့်မှန်းချေအရေအတွက် အချက်အလက်အား KHRG မှ မရရှိနိုင်ခဲ့ပါ။သို့သော် ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) နှင့် ဧရာဝတီ သတင်းဌာနများအရ မိသားစု ၃၀၀ သို့မဟုတ် လူပေါင်း ၂၃၀၀ ခန့် မြိုင်ကြီးငူသို့ ထွက်ပြေးလာကြောင်းသိရှိရသည်။ သိရှိလိုပါက "Locals flee KNU recruitment drive," *DVB* ၊ အောက်တိုဘာလ ၂၀၁၅ ခုနှစ် နှင့် "Locals flee alleged KNU recruitment in Karen State," ဧရာဝတီ၊ အောက်တိုဘာလ ၂၀၁၅ ခုနှစ် တို့တွင် ကြည့်ရှုနိုင်ပါသည်။

KHRG ဒေသခံအဖွဲ့ဝင် တစ်ဦးမှ ရွာသူကြီးများ၊ လက်ထောက်ရွာသူကြီးများ၊ *KNLA* ဖမ်းဆီးထိန်းသိမ်းပြီးပြန်လည်လွှတ်ပေးလိုက်သည့် ရွာသားများ နှင့် ထွက်ပြေးတိမ်းရှောင် ၍ ပြန်မလာသေးသော ရွာသားများ ပါဝင်သော လူ ၁၅ ဦး အား၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက် နေ့ နှင့် ၁၅ ရက်နေ့အတွင်းတွင် တွေ့ ဆုံမေးမြန်းခဲ့ပါသည်။

ဖမ်းဆီးထိန်းသိမ်းထားမှုအား မျက်မြင်တွေ့ခဲ့သော အ....... ရွာတွင်နေထိုင်သော အသက် ၃၈ နှစ်အရွယ် စော စ.........မှ KHRG ဒေသခံအဖွဲ့ဝင်ထံသို့ အကြောင်းကြားခဲ့ပါသည်။

"*အ...... ရွာက ဖခင် ၆ ယောက်ကို လာရောက်ဖမ်းဆီးတယ်။ ၁ ယောက်က သူတို့ (KNLA) မဖမ်းမိခင် ရွာကနေထွက်ပြေးသွားတယ်။ ၁ ယောက်က KNLA စခန်းကိုခေါ်သွားတဲ့လမ်းမှာပဲ ထွက်ပြေးခဲ့တယ်။ ဒါကြောင့်* (အ.......) *ရွာသား ၄ ယောက်ပဲအဖမ်းခံရပြီး KNLA စခန်းမှာအထိန်းသိမ်းခံခဲ့ရတယ်။ သူတို့* (*KNLA* စစ်သား) *ရွာသားတွေကို လာဖမ်းတဲ့အချိန်မှာ ကြိုးမတုတ်ထားခဲ့ဘူး။ သူတို့ဖမ်းတဲ့လူတွေထဲမှာ သူတို့ ကိုယ်တိုင် ခန့်ထားတဲ့ ရွာရဲ့လက်ထောက်လူကြီး* (နှင့်) *ရွာလူကြီး ၂ ယောက်ပါတယ်။ သူတို့ ၄ ယောက်လုံး အခုပြန်လွှတ်လာပြီ။ သူတို့ကို* (သူတို့အဖမ်းခံရသည့်အချိန်တွင်) *မယ်မွဲရွာ* (ထိုအချိန်က *KNLA* စခန်းချသည့်နေရာ) *ကိုခေါ်သွားပြီး တပ်ခွဲ အမှတ် ၄ မှ ဗိုလ် ဆာယူး နဲ့တွေ့ခဲ့တယ်။"*



ဤပုံအား KHRG ဒေသခံအဖွဲ့ဝင်မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကျောပါး ကျေးရွာစု၊ အ....... ရွာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် နေ့တွင် ရိုက်ယူခဲ့သည်။ ဤပုံသည် *KNLA* မှအတင်း အကျပ်တပ်သား စုဆောင်းမှု ကောလဟာလ နှင့် ဖမ်းဆီး ထိန်း သိမ်းထားမှု အပြင် ရွာသားများမှ မြိုင်ကြီးငူမြို့သို့ ထွက် ပြေး ခဲ့ ကြသည့်အချိန်မှစ၍ ၎င်းရွာတွင်ရှိသော မူလတန်း ကျောင်းမှ ရင် ဆိုင်နေရသော စိန်ခေါ်မှုများအား တင်ပြသည့် စော စ...... ဖြစ် သည်။ (ဓါတ်ပုံ - KHRG)

"*လူတွေ (KNLA စစ်သား) က ငါတို့မိဘ နဲ့ ခေါင်းဆောင်တွေကို ဖမ်းသွားကြတယ်။ ဒါကြောင့်အခြေအနေကိုစောင့်ကြည့်ဖို့ အတွက် ငါတို့တွေပဲကျန်တော့တယ်။ အကယ်၍ ငါတို့မိဘတွေ* (ခေါင်းဆောင်များ) *၁ ရက် ၂ ရက်အတွင်း ပြန်မလာကြဘူးဆိုရင် ငါတို့ရဲ့မိဘ အသစ်* (ခေါင်းဆောင်များ) *ထပ်ရှာရမယ်။*" ဟု ရွာအတွင်းကျန်ခဲ့သော ရွာသားများအချင်းချင်းမှ ရွာသားများဖမ်းဆီးထိန်းသိမ်းခံရပြီး နောက်တစ်နေ့ တွင်ပြုလုပ်သော အတူတကွဝတ်ပြုဆုတောင်းကြသည့်အချိန်တွင် ပြောကြကြောင်း စောစ...... မှ ဆက်လက်ပြောပြခဲ့သည်။

တပ်ခွဲ အမှတ် ၄ မှ KNLA စစ်သားများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသော ဘ......ရွာနေ ၅၂ နှစ်အရွယ်ရှိ စော ဒ.......... မှာမူ ထိန်းသိမ်းခံရမှုနှင့်ပတ်သက်၍ အနည်းငယ်ကွဲပြားသောခံယူချက်ရှိသည်။

*"သူတို့က ကျတော့်ကို (ပြစ်မှုကျူးလွန်လို့) ဖမ်းတယ်ဆိုတာလည်းမဟုတ်ပါဘူး။ သူတို့က စစ်တပ် ဆို တော့ စည်းကမ်းတင်း ကြပ်တယ်။ နောက်ပြီး (လာခဲ့တဲ့အချိန်မှာလည်း) သူတို့က ကျတော့်အိမ်အထဲကို*

*ဝင်ခွင့်မပေးခဲ့ဘူး။ ဒါကြောင့် ဒါကိုမြင်တဲ့ အိမ် နီးနားချင်းတွေက သူတို့ ကျတော့ကိုလာဖမ်းတယ်လို့ထင်ပြီး ကျတော့်အတွက် စိုးရိမ်ခဲ့ကြ  တယ်။ ဒါ ကြောင့်သူတို့အချင်းချင်း "ငါတို့အတွက် အခြေအနေမကောင်းဘူး။ သူတို့က ငါတို့ကိုလည်းဖမ်းလိမ့်မယ်။" ဆိုပြီးပြောကြတယ်။ စစ်သားတွေနဲ့လိုက်သွားပြီးပြန်လာတဲ့အခါကျတော့ ရွာထဲကရွာသားအားလုံး နီး ပါးမရှိကြတော့ဘူး။"*

စော ဒ............ ထိန်းသိမ်းခံခဲ့ပြီးနောက်ပိုင်းတွင် တပ်ခွဲ ၄ မှ တပ်မှူး ဆာယူးနဲ့တွေ့ဆုံရန် *မယ်မွဲ*ရွာ သို့အပို့ခံရကြောင်း ၄င်းမှ ထပ်မံပြောပြခဲ့သည်။ သူနှင့် ဘ........... ရွာ မှ အခြား ရွာသား ၉ ဦးတို့သည် *မယ်မွဲ* ရွာတွင် ၉ ရက်မျှ နေခဲ့ရပြီးတပ်ခွဲ ၄ မှ တပ်မှူး ဆာယူး အလာအား စောင့်ခဲ့ရသည်။ သူနှင့် အခြား ရွာသား ၉ ဦးတို့သည် တပ်ခွဲ အမှတ် ၄ မှ ဗိုလ် ဆာယူးနှင့် တွေ့ခဲ့ရသည့်အချိန်တွင် ဗိုလ်ဆာယူးမှ ၎င်းတို့အားပြောသည်မှာ -
*"တပ်သားစုဆောင်းမှုနဲ့ပတ်သက်ပြီး အောက်ခြေကအရာရှိတွေနဲ့ ကျေးရွာအုပ်စုခေါင်းဆောင်တွေကို ငါတို့ ညွှန်ကြားခဲ့တယ်။ ကျေးရွာအုပ်စု ၁ စုကို လူ ၁၀ ယောက်စီ စစ်သား အဖြစ်ထမ်းဆောင်ရမယ်။ ဒါကြောင့် (ညွှန်ကြားမှုကို လိုက်နာ ကြောင်း သေချာစေရန်) (KNLA) စစ်တပ်က မိဘတွေနဲ့ခေါင်းဆောင်တွေကိုသွားတွေ့ပြီးပြန်ခေါ်လာတာဖြစ်တယ် ။"*

| | |
|---|---|
|  | ဤပုံအား KHRG ဒေသခံအဖွဲ့ဝင်မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကျော်ပါး ကျေးရွာအုပ်စု၊ ဘ....... ရွာတွင် ၂၀၁၅ ခုနှစ် အောက်တို ဘာ ၁၅ ရက်၌ ရိုက်ယူခဲ့သည်။ ဤပုံသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ နှင့် ၂၈ ရက်အတွင်း *KNLA* စစ်သားများ၏ဖမ်းဆီးထိန်းသိမ်းမှုကို အခြားသော ဘ....... ရွာသား ၉ ဦး နှင့်အတူ ခံခဲ့ရသည့် စော ဒ........ ဖြစ်သည်။ (ဓါတ်ပုံ - KHRG) |

စော စ..... မှလည်း *KNLA* သည် ရွာသား ၁၄ ဦးအား စစ်သားများအဖြစ်ထမ်းဆောင်ရန်အတွက် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းမဟုတ်ကြောင်း မှတ်ချက်ချခဲ့သည်။ ထိုအစား ဖမ်းဆီးထိန်းသိမ်းခြင်း၏ ရည်ရွယ်ချက်မှာ တပ်သားစုဆောင်းမှုပစ်မှတ်များနှင့်ပတ်သက်၍ ရွာသူကြီးများ၊ မိဘများ၊ နှင့် *KNLA* အရာရှိများအကြား ဆွေးနွေးပြီးသဘောတူညီမှုတစ်ခု ရရှိနိုင်ရန် နှင့် ဖြစ်နိုင်ခြေရှိလျှင် မိဘများအား ၎င်းတို့သားများ အသက် ၁၈ နှစ်ပြည့်ပါက *KNLA* တွင်စစ်မှုထမ်းဆောင်ရန်အတွက် ပို့ပေးမည်ဟု ကတိပြုထားသော စာရွက်စာတမ်းတစ်ခုအား လက်မှတ်ထိုးဖို့ သိမ်းသွင်း စည်းရုံးရန်ဖြစ်သည်။

ဖ....... ကျေးရွာအုပ်စု မှ KNU စစ်သားတစ်ဦးဖြစ်သော စော အ.........(လုံခြုံရေးအတွက် ရာထူးအား ချန်လှပ်ထား) သည်လည်း ဖမ်းဆီးထိန်းသိမ်းမှုနောက်ကွယ်တွင်ရှိသော ရည်ရွယ်ချက်အသေးစိတ်များအား ဖြည့်စွက်ပြောကြား ခဲ့သည်။

*"မြို့နယ်အဆင့်ရှိတဲ့ KNLA ဗိုလ်မှူးက ကျေးရွာအုပ်စု ခေါင်းဆောင်တွေကို ကျေးရွာအုပ်စု ၁ စုဆီကနေ လက်မထပ်ရသေးတဲ့ အရွယ်ရောက် အမျိုးသား ၁၀ ယောက်ကို KNLA မှာဝင်ပြီး စစ်မှု ထမ်း ဖို့ စီစဉ်ပေးရန်*
*ညွှန်ကြားခဲ့တယ်။ နောက်ပိုင်းမှာ ကျေးရွာအုပ်စုခေါင်းဆောင်တွေနဲ့ ရွာသူကြီးတွေက ရွာကြ ၁ ရွာဆီကနေ လက်မထပ်ရသေးတဲ့ အရွယ်ရောက်အမျိုးသား၃ ယောက် နဲ့ ရွာငယ် ၁ ရွာဆီကနေ လက်မထပ်ရသေးတဲ့ အရွယ်ရောက်အမျိုးသား ၂ ယောက်ကို ခေါ်ယူဖို့ ဆုံးဖြတ်ခဲ့ကြပေမယ့် ရွာသားတွေက ဒီအဆိုကို သဘောမတူခဲ့ကြဘူး။ ဒါကြောင့်* အဲဒီ *ဒေသတဝိုက်မှာ လှုပ်ရှားနေတဲ့* (KNLA) *တပ်ခွဲကနေပြီးတော့ ရွာသူကြီးတွေကို ရွာတိုင်းမှာရှိတဲ့ လက်မထပ်ရသေးတဲ့ အရွယ်ရောက် အမျိုးသား တွေရဲ့ နာမည် စရင်း ပေးခိုင်းတော့ ရွာသူကြီးတွေက အဲ့ဒီနာမည် စာရင်းပေးလိုက်တယ်။ အဲ့ဒီနောက်* စစ်မှုထမ်းဖို့သင့်လျော်ပြီး အရွယ်ရောက်သော သားများရှိသော *မိဘတွေကို သူတို့(KNLA)* နဲ့*တွေ့ခိုင်းတယ်။ ဘာလို့လဲဆိုတော့ သူတို့ (ရွာသား) တွေရဲ့သားတစ်ချို့ က ထိုင်းနိုင်ငံကို အလုပ်လုပ်ဖို့ပြောင်းသွားပြီး တစ်ချို့က စာသင်နေတုန်းဖြစ်တဲ့အတွက်ပဲ* (ထို့ကြောင့်သူတို့သည် KNLA တွင်အခုအမှုထမ်းရန်မရသေးပါ) *။ စာရင်းမှာနာမည် ပါတဲ့ မိဘတွေအားလုံးကို ဖမ်းလိုက်တဲ့အတွက် သူတို့* (ဒေသခံ KNLA စစ်သားများ) *တွေက* (ပြောထားသည့်အတိုင်း) *အမိန့်* (သူတို့အထက်အရာရှိများထံမှ) *ကိုကျော်လွန်ပြီး လုပ်ဆောင်တာဖြစ်သွားတယ်။ ကျတော်တို့* (ဒေသခံ KNU) *တွေက မိဘတွေကိုဖမ်းဖို့အမိန့်ပေးခဲ့တာမဟုတ်ဘူး။ သားတွေကိုပဲ။"*



ဤပုံအား KHRG ဒေသခံအဖွဲ့ဝင်မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ဖ........ကျေးရွာစု၊ ခ....... ရွာတွင် ၂၀၁၅ ခုနှစ် အောက်တို ဘာ ၉ ရက်၌ ရိုက်ယူခဲ့သည်။ ဤပုံသည် KNLA ၏ဖမ်းဆီးထိန်းသိမ်းမှု နောက်ကွယ် ရည်ရွယ်ချက်များအသေးစိတ်အား ထပ်လောင်းပြောကြားသည့် ဖ....... ကျေးရွာအုပ်စု မှ *KNU စစ်သားတစ်ဦးဖြစ်သူ* စော အ.........(လုံ ခြုံရေးအတွက် ရာထူးအား ချန်လှပ်ထား) ၏ ပုံ

KNLA မှ ၄င်းတို့ ဖမ်းဆီးထားသော ရွာသားများအား ၂၀၁၅ခုနှစ် အောက်တိုဘာလ အစောပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ရွာသားများမှ လုံခြုံရေးနှင့် ပတ်သက်သည့် ၄င်းတို့၏ မှုလစိတ်ခံစားချက်များကြောင့် ရွာသို့ ပြန်မနေရဲကြပေ။ ဘ.....ရွာ နှင့် အ...... ရွာများရှိ ရွာသားများစွာမှာမူ ထွက်ပြေးရန်သာ ရွေးချယ် ကြသည်။

စော စ...... ပြောကြားချက်အရ ရွာသားများထွက်ပြေးခဲ့ခြင်းတွင် အကြောင်းပြချက် ၃ ချက်ရှိပါသည်။ ရွာသားများသည် KNLA တပ်ထဲသို့ စစ်မှုထမ်းရန် ခေါ်ယူခြင်းခံခဲ့ရသော သူများရွာထဲတွင် မရှိသောအခါ ထိုသူတို့၏ မိသားစုဝင် တစ်ဦးဦးအား KNLA စစ်သားများမှ ဖမ်းဆီးခံခဲ့ရခြင်း ဥပမာအား အစကနဦးတွင် တွေ့ရှိခဲ့ပါသည်။ ထို့အတွက်ကြောင့် ဖမ်ဆီးခံရမည့်အလားအား တိမ်းရှောင်ရန်အတွက်

ရွာသားအများအပြား ရွာမှ ထွက်ပြေးခဲ့ကြပါသည်။ အခြားရွာသားများမှာ မူ တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့ (BGF)[3] မှ KNLA ၏တပ်သားစုဆောင်းမှုကြောင့်ဖြစ်တည်လာသော မတည်ငြိမ်မှုနှင့် ရွာသားများနှင့် ပဋိပက္ခဖြစ်မှုကို အခွင့်ကောင်းယူဖို့ ကာရွာထဲဝင်ပြ KNLA နှင့် ပစ်ခတ်တိုက်ခိုက်မည်ကို စိုးရိမ်ကြသည်။ ဤသို့ဖြစ်လာပါက ရွာသားများမှာ ပြင်ဆင်မှု တစ်စုံတစ်ရာမရှိပဲ သူတို့၏ကလေးများနှင့်အတူ ထွက်ပြေးနေရမည်ဖြစ်သည်။ ဤစိုးရိမ် မှုကြောင့် ရွာသားများသည် သူတို့၏ကလေးများအား မြို့ကြီးငူ သို့ကြိုတင်ပို့ ထားပြီး ၎င်းတို့နောက်မှ လိုက်သွားကြ ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ နောက်ဆုံးအချက်မှာမူ တစ်ချို့ရွာသားများသည် အခြားရွာသားများ ရွာမှ ထွက်ပြေးသည်ကို တွေ့ရှိပြီး ၎င်းတို့သည်လည်း ရွာတွင်ကျန်ခဲ့ပြီး မနေထိုင်ရဲသဖြင့် မြို့င ကြီး ငူ ့သို့ ထွက်ပြေးလာခဲ့ကြပါသည်။

ဖမ်းဆီးထိန်းသိမ်းထားမှုနှင့် နောက်ပိုင်းဖြစ်ပေါ်လာသော အဓမ္မ ရွှေ့ပြောင်းမှုများ ကို KNLA မှတရားဝင်ရှင်းပြချက်အားရရှိရန် KHRG အဖွဲ့ဝင်မှ KNLA တပ်မဟာ ၅ မှ တပ် မဟာ မှူးနှင့် ၂၀၁၆ ခုနှစ် ဧပြီ ၁၄ ရက်တွင် တွေ့ဆုံခဲ့သည်။ ကျဆုံးသွားသောစစ်သားများ၊ ဒဏ်ရာရသောစစ်သားများနှင့်၊ စစ်မှုထမ်း သက်တမ်းပြည့်သွားသော စစ်သားများနေရာတွင် ပြန်လည်အစားထိုးနိုင်ရန် KNLA မှ တပ်သား စု ဆောင်းရန် လိုအပ်ခြင်းဖြစ်ပြီး စစ်သား အရေအတွက် များပြားလာရန် ရည်ရွယ်ခြင်းမဟုတ်ကြောင်း တပ်မဟာမှူး မှရှင်းပြခဲ့ပါသည်။ KNLA သည် တပ်သားတစ်ဦးချင်းအား စုဆောင်းရာတွင် အသက် ၁၈ နှစ် သို့မဟုတ် အသက် ၁၈ နှစ်အထက်ရှိမှသာလျှင် တပ်သားအဖြစ် ခန့်အပ်စေပြီး ထိုသို့ တပ်သားများစုဆောင်းခန့်အပ်ရာတွင်လည်း ရွာသူရွာသားများနှင့် ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပြီး ၎င်းတို့ သဘောတူညီမှုရမှသာလျှင် တပ်သားစုဆောင်းမှု ပြုလုပ်သည်ဟု တပ်မဟာမှူးမှပြောဆိုခဲ့သည်။ ထိုသဘောတူညီချက်ရရှိရန် KNLA မှ မည်သည့် ရွာသားများနှင့်မည်သို့တပ်သားစုဆောင်းသင့်သည်ကို ဆွေးနွေးမည့်ရည်ရွယ်ချက်ဖြင့် ရွာသားများအား အစည်းအဝေးသို့ခေါ်ခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးသို့ဖိတ်ခေါ်ခြင်းခံရသော ရွာသားများအထ မှ အချို့သည် စစ်မှုထမ်းရန်သင့်လျော်သော သားရှိသူများပါဝင်ပြီး အစည်းအဝေးပြီးသည့်နောက် ရွာသွားများ အိမ်ပြန်ကြပြီး တစ်ချို့မှာမူ တပ်သားစုဆောင်းမှုအား ရှောင်ရန်ထွက်ပြေးကြသည်။

ထိုရွာသားများထွက်ပြေးသည့်အချိန်တွင် KNLA မှအတင်းအကျပ်တပ်သားစုဆောင်းမှုပြုလုပ်သည်ဟု အခြားရွာသားများထင်သောကြောင့် ရွာသားအမြားအပြားပိုမိုထွက်ပြေးကြသည်ဟု တပ်မဟာမှူး မှ ပြော ဆိုခဲ့သည်။ ဤသည်မှာ KNLA ၏ ရည်ရွယ်ချက်မဟုတ်ခဲ့ကြောင်း နှင့် ထိုအချိန်သည် လယ်လုပ် ရန်အရေးကြီးသည့်ကာလဖြစ်သည့်အလျောက် KNLA မှ ရွာသားများ၏ နားလည်မှုလွဲမှား ခြင်းကိုဖြေရှင်း ရန် နှင့် သံသယပျောက်စေရန်ကြိုးစားခဲ့ကြသည်ဟု ဆက်လက်ရှင်းပြခဲ့သည်။ ထို့ကြောင့် KNLA မှ ရွာသားများအား မိမိတို့ရွာသို့ ပြန်လာရန် ၎င်းတို့စစ်သားများအ ရွာသို့ စေလွှတ်ခဲ့ပါသည်။ သို့သော်

---

[3] တပ်မတော်၏ တပ်ရင်းများဖြစ်ကြသော နယ်ခြားစောင့်တပ်ဖွဲ့ (BGF) အား ၂၀၁၀ ခုနှစ်တွင် စတည်ဖွဲ့စည်းခဲ့ပြီး ၎င်းတို့မှာ DKBA ၏ အဖွဲ့ဝင်ဟောင်းများ စသဖြင့်ပါဝင်သော နိုင်ငံတော်၏တပ်မဟုတ်သော စစ်တပ်များမှ စစ်သားများဖြစ်အများစုပါဝင်သည်။ ထို DKBA သည် မြန်မာအစိုးရ နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများအားတရားဝင်ပြုလုပ်ထားပြီး တပ်မတော်၏ တပ်ရင်းများ အဖြစ်သို့ ပြောင်းလဲရန်သဘောတူညီထားသည့်အဖွဲ့ဖြစ်သည်။ BGF တပ်ရင်းများအား နံပါတ်လေးလုံးပါ သော တပ်ရင်းများအဖြစ် ထားရှိပြီး တပ်မတော်၏ပုံမှန်ခြေလျင်တပ်ရင်းများကိုမူ နံပါတ် နှစ်လုံးပါသော တပ်ရင်းများအဖြစ် ထားရှိ၍ ခြေလျင်တပ်ရင်းများအား တပ်ရင်းနံပါတ် နှစ်လုံး သို့မဟုတ် သုံးလုံးဖြင့် ခွဲခြားသိမှတ်နိုင်သည်။ အချက်အလက် များပိုမိုသိရှိလိုပါက "DKBA officially becomes Border Guard Force" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ဩဂုတ် ၂၀၁၀ နှင့် "Exploitation and recruitment under the DKBA in Pa'an District," KHRG၊ ဇွန် ၂၀၀၉ တွင်ကြည့်ပါ။

စစ်သားများမှ ရွာသားများအား KNLA စခန်းသို့ပြန်လည်ခေါ်လာ ရန်သွားသည့် အချိန်တွင် ရွာသားများမှ အတင်းအကျပ်တပ်သားစု ဆောင်းမှု လုပ်သည်ဟု ထင်မံအဓိပ္ပါယ်ကောက်လွဲသည့်အတွက် ရွာသားများထွက်ပြေးရန်ဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၆ ခုနှစ် မေလ ၁၈ ရက်တွင် KHRG ဒေသခံအဖွဲ့ဝင်မှ KNLA တပ်မဟာ ၅ မှ ဗိုလ်မှူး ချုပ် နှင့် တွေ့ဆုံခဲ့ရာ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကျောပါး ကျေးရွာအုပ်စုတွင် KNLA မှ အတင်းအကျပ် တပ်သားစုဆောင်းမှုများပြုလုပ်နေခြင်းဆိုသည်မှာ ကောလဟာလတစ်ခုသာဖြစ်ကြောင်း ၎င်းမှ အတည်ပြုခဲ့ သည်။ ရွာသားများမြိုင်ကြီးငူမြို့သို့ထွက်ပြေးခဲ့ခြင်းမှာ ကောလဟာလနှင့်KNLA အတင်း အကျပ် တပ်သား စုဆောင်းခြင်းနှင့်ပတ်သက်၍ နားလည်မှုလွဲခြင်းကြောင့် ထွက်ပြေးခဲ့ခြင်း မှာ မှန်ကြောင်းလည်း အတည်ပြုခဲ့သည်။ အဆိုပါ ဗိုလ်မှူးချုပ်မှလည်း သူ၏လက်အောက်ခံဗိုလ်မှူးများအား ကျောပါးကျေးရွာအုပ်စုမှ ရွာသားများ နှင့် သွားရောက်တွေ့ဆုံရန်ညွှန်ကြားခဲ့ကြောင်း၊ ထိုဗိုလ်မှူးများမှ သူ၏အမိန့်အားလိုက်နာကာ ရွာသားများ နှင့်တွေ့ဆုံပြီးနောက် အချို့ရွာသားများမှာ ၂၀၁၆ ဇန်နဝါရီအစောပိုင်းတွင် သူတို့ရွာ သို့ ပြန်သွားကြပြီး အချို့မှာ မြိုင်ကြီးငူမြို့တွင် ရှိသေးသည်ဟု ဖြည့်စွက်ပြောဆိုခဲ့ပါသည်။

## <u>တပ်မတော် နှင့် KNLA အကြားတိုက်ပွဲ အနည်းငယ် ဖြစ်ပွားမှုက ရွာသားများ၏ အဓမ္မပြောင်းရွှေ့ရမှုအား ပိုမိုဖြစ်စေ</u>

၂၀၁၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ခြေမြန်တပ်မ[4] အမှတ် ၂၂ မှ တပ်မတော်သား ၄၀ ဦးသည် KNLA ထိန်း ချုပ်သည့်နယ်မြေဖြစ်သော ဘ……. ရွာတွင် ကင်းလှည့်သည်ကိုတွေ့ခဲ့ရသည်။ KNLA စစ်သားများမှလည်း ထိုနယ်မြေတွင် ကင်းလှည့်နေခဲ့သည်ဖြစ်ရာ သတိပေးသည့် အနေဖြင့် သူတို့လမ်းကြောင်းသို့ သေနတ် နှစ်ချက် သုံးချက် ပစ်ခတ်ခဲ့သည်။

KNLA စစ်သားများသေနတ်ပစ်ခတ်ပြီး နောက်ဆက်တွဲအနေဖြင့် တပ်မတော်စစ်သားများမှ လယ်ကွင်းဘေးတွင် နွားများအား စားကျက်မြေတွင်လွှတ်ထားသော ဘ……….ရွာနေ အသက် ၆၂ နှစ်ရှိသော စော က………….အား ဖမ်းဆီးခဲ့သည်။ တပ်မတော်သားများမှ သူ့အား KNLA စစ်သားများရှိကြောင်း အကြောင်းမကြားဟု စွပ်စွဲခဲ့ပြီး တပ်မတော်အရာရှိ ၂ ယောက်မှ စော က---၏ ရင်ဘတ်အား ရိုက်၍၎င်းတို့၏ သေ နတ် ပြောင်းဝများဖြင့် နားအား နှစ်ချက် သုံးချက်ရိုက်ခဲ့ပါသည်။[5]

[4] ခြေမြန်တပ်မ (တပ်မတော်) သည် ဗိုလ်မှူးချုပ်မှ အမိန့်ပေးပြီး တပ်မတခုစီတိုင်းတွင် ခြေလျင်တပ်ရင်း ၁၀ ရင်းစီပါဝင်၍ အထူးသဖြင့် သူပုန်အားတန်ပြန်တိုက်ခြင်း၊ တောတွင်းစစ်ဆင်ခြင်း၊ တိုင်းရင်းသားသူပုန်များအပေါ် 'ရှာဖွေ ၍ဖျက်ဆီး' ဗျူဟာ သုံးခြင်းများအား လေ့ကျင့်ပေးပြီး မူးယစ်ဆေးဝါးမှိုတည်သော တပ်များဖြစ်သည်။ ခြေမြန်တပ်မများသည် နည်းဗျူဟာ ၃ ခုအောက်တွင် ရှိပြီး (တပ်ရင်း ၃ ရင်းစီ နှင့် တစ်ရင်း မှာ အရန်ဖြစ်) အမြောက်တပ်ရင်း ၁ ရင်း၊ သံချပ်ကာ တပ်ဖွဲ့ ၁ ဖွဲ့ နှင့် အခြားထောက်ပံ့ရေးတပ်များ မှ ဗိုလ်မှူးကြီး အမိန့်ပေးသည်။

[5] KHRG မှ ထုတ်ဝေခဲ့သော သတင်းတွင် အကြမ်းဖက်ခံရသော ရွာသား၏အသက်မှာ မှားယွင်းစွာ ၆၁ နှစ်ဟု တင်ပြခဲ့သော်လည်း ဤဖြစ်ရပ်နှင့်ပတ်သက်၍ ပါရှိခဲ့သည်။ "Fighting between Tatmadaw and KNLA soldiers leads to violent abuse and displacement of villagers in Bu Tho Township, Hpapun District, October 2015," KHRG အောက်တိုဘာ ၂၀၁၅ တွင် ဖတ်ရှုနိုင်ပါသည်။

၂၀၁၂ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်[6] အပေါ်အခြေခံ၍ ထိုနယ်မြေတွင် ကင်းလှည့်ရန် KNLA မှ တပ်မတော်သားများအား ခွင့်မပြုထားသည့်အတွက် ဤအဖြစ်အပျက်မတိုင်မီ တပ်မတော်သားများသည် ဘ.......... ရွာသို့ အရင်က လာဖူးခဲ့ခြင်းမရှိဟု စော က............. မှ ပြောပြခဲ့သည်။သူ့အား ဖမ်း၍အကြမ်းဖက်ပြီးနောက်ပိုင်းတွင် KNLA ၏ အာဏာရှင်ဆန်စွာ ဖမ်းဆီးသည့် လုပ်ရပ် ကြောင့် ထွက်မပြေးခဲ့သည့် ရွာသားအမြောက်အမြားမှာ မြိုင်ကြီးငူမြို့သို့ထွက်ပြေးကုန်ကြသောကြောင့် ဘ....... ရွာ တစ်ရွာ လုံးနီး ပါး ခြောက် ကပ်ကပ်ဖြစ်ခဲ့သည်။ ထိုရွာသားများသည် တပ်မတော်သားများရွာထဲတွင် ရှိနေခြင်း ကြောင့် တပ် ပွဲဖြစ်မည်ကို စိုးရိမ်ပြီး ဖြစ်လာပါက ပြင်ဆင်မှုတစ်ခုမျှမရှိပဲ ကလေးများနှင့် အတူ ထွက် ပြေးရ မည် ဖြစ် သောကြောင့် ထွက်ပြေးခဲ့ကြခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပါက ကလေးများ ထိခိုက် နာကျင်မည်ကိုလည်းစိုးရိမ် ထိတ်လန့်ခဲ့ကြသည်။ တပ်မတော်မှ ရွာသားများအား သတိပေးသေ နတ် ဖောက် ခဲ့ကြောင်း စွပ်စွဲခဲ့သဖြင့် ထပ်မံ ရင်ဆိုင်ရမည့် နောက်ဆက်တွဲများရှိမည် ကို စိုးရိမ်ကြောင်း ရွာသားများမှ ထပ်လောင်းပြောကြားခဲ့ပါသည်။

စော က....... မှလည်း KHRG ဒေသခံအဖွဲ့ဝင်ထံ တင်ပြခဲ့သည်။

"*တစ်ချို့ရွာသားတွေ ကျတော့်ဆီလာတော့ ဗမာ* (တပ်မတော်) *စစ်သားတွေ သိပ်မလာဘူးလို့ သူတို့ကိုပြောခဲ့တယ်။ နောက် သူတို့ကျတော့်ကိုပြောတာက ဗမာ* (တပ်မတော်) *စစ်သားတွေက စစ်သား* (KNLA) *လား၊ ရွာသားလား မခွဲဘူး။ ဒါကြောင့် သူတို့ကျတော့်ကို မေးတာက "အကယ်၍* တပ်မတော်သားတွေက နောက်တခေါက်လာပြီး *ကျနော်တို့ကိုပစ်မယ်ဆိုရင် ခင်ဗျား* တာဝန်ယူမှာလား (ကျနော်တို့ လုံခြုံရေးကို အာမခံပေးနိုင်သလား)။ ကျတော်သူတို့ကိုပြန်ပြောလိုက်တာက ငါ(တာဝန်ယူ) မယူနိုင်ဘူး အဲဒါနင်တို့အပေါ်ပဲမူတည်တယ်*။*" ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်အထိ စော က........ မှ ရွာတွင် တည်ငြိမ်သောအခြေအနေရှိကြောင်းနှင့် ဖမ်းဆီးမှုများ သို့မဟုတ် ပစ်ခတ်မှုများ မရှိကြောင်း၊ သို့သော် ရွာသားအများအပြား အစမ္မပြောင်းရွှေ့မှုမှ ပြန်မလာသေးကြောင်း ပြောပြခဲ့သည်။

---

[6] ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် KNU နှင့်မြန်မာအစိုးရအကြား ဖားအံတွင် ပဏာမအပစ် အခတ်ရပ်စဲရေး သဘော တူညီ ချက်စာချုပ်အားရေးထိုးခဲ့သည်။ ပဏာမအပစ်အခတ်ရပ်စဲရေးထိုးပြီးနောက် လူ့အခွင့်အရေးအခြေအနေပြောင်းလဲမှုအပေါ် KHRG ၏သုံးသပ်ချက်အား *Truce or Transition? Trends in human rights abuse and local response since the 2012 ceasefire* KHRG ၂၀၁၄ ခုနှစ် မေလ တွင် ဖတ်ကြည့်နိုင်ပါသည်။၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် ညှိနှိုင်းသည့်ဖြစ်စဉ်အတွင်း တိုင်းရင်းသားဒေသများတွင် ဖြစ်ပေါ်နေဆဲ ပဋိပက္ခများနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ အများအပြားမပါဝင်မှုအပေါ် အငြင်းပွားဖွယ်ရာများ ရှိခဲ့ပြီးနောက် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးသဘောတူညီစာချုပ် (NCA) အား မြန်မာအစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့မှ KNU အပါအဝင် ၈ ဖွဲ့သော ဆွေးနွေးညှိနှိုင်းသည့်စားပွဲသို့အဖိတ်ခေါ်ခံခဲ့ရသည့် အဖွဲ့များလက်မှတ်ထိုးခဲ့သည်။ "Myanmar signs ceasefire with eight armed groups," Reuters ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ တွင် ကြည့်ရှုနိုင်ပါသည်။



ဤပုံအား KHRG ဒေသခံအဖွဲ့ဝင်မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကျောပါး ကျေးရွာစု၊ ဘ……. ရွာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်၌ ရိုက်ယူခဲ့သည်။ ဤပုံသည် KNLA **စစ်သားများမှ တပ်မတော်သားများအား သတိပေးသေနတ်ဖောက်ပြီးနောက်** ခြေမြန် တပ်မ အမှတ်၂၂ မှ တပ်မတော်သားများ၏ သေနတ်ပြောင်းဝများဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် အရိုက်ခံရသော စော က……. ၏ ပုံဖြစ်ပါသည်။ တပ်မတော်သားများထံမှ အရိုက်ခံရပြီးနောက်တစ်နေ့တွင် ဘ……. ရွာမှ ရွာသားအများအပြား မြိုင်ကြီးငူမြို့သို့ထွက်ပြေးခဲ့ကြောင်း သူထပ်မံ ပြောပြခဲ့သည်။ (ဓါတ်ပုံ - KHRG)

## ရွာသားများမြောက်မြားစွာ အဝေမ္ဘရွှေ့ပြောင်းပြီးနောက်ပိုင်းကျောင်းများပိတ်ရခြင်း

ရွာသားများ ၎င်းတို့ကလေးများနှင့်အတူ မြိုင်ကြီးငူမြို့သို့ထွက်ပြေးပြီးနောက် အ………. ရွာတွင်ရှိသော မူလတန်းကျောင်းနှင့် ဘ……… ရွာတွင်ရှိသော အလယ်တန်းကျောင်းနှစ် ကျောင်းလုံး တစ်ပတ် လောက်ပိတ်ခဲ့ရသည်။ ဘ…… ရွာတွင်ရှိသော အလယ်တန်းပြ ကျောင်းဆရာမ နော် ဂ………. ၏ ပြောပြချက်အရ ကျောင်း ၅ ရက်ပိတ်ခဲ့ရပြီး ကျောင်းဆရာ/မ နှစ်ဦးသာကျန်ကာ ကျောင်း၌သင်နေသည်။ ကျောင်းအား မနက်ပိုင်း တစ်မနက်တွင်သာဖွင့်ပြီး ရွာတွင် ကျန်ခဲ့သော ဆရာ/မ တို့သင်သည့် ဘာသာရပ် သာသင်ကြားပေးနိုင်ပြီး ရွာမှအဝေမ္ဘရွှေ့ပြောင်းရသော ဆရာ/မ များသင်ကြားသော၏ ဘာသာရပ်များ မသင်ကြားနိုင်ပေ။ ရွာသားများ အဝေမ္ဘရွှေ့ပြောင်းပြီးနောက်ပိုင်း ကျောင်းပြန်ဖွင့်သော ပထမနေ့တွင် ကျောင်းတက်သော ကျောင်းသူကျောင်းသား ၇ ယောက် ၈ ယောက်လောက်သာရှိခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင်မူ ဘ……ရွာမှကျောင်းတွင် တက်ရောက်နေသော ကျောင်းသားကျောင်းသူဦးရေ ၆၀ မှ ၇၀ ရှိသည်။ အ……. ရွာတွင်ရှိသော ရွာသား စော စ…….မှ သူ့ရွာတွင် ကျောင်းသူကျောင်းသားဦးရေ ၁၀ ယောက်အောက်သာကျန်ခဲ့ခြင်းမှာ မြိုင်ကြီးငူမြို့သို့ရွာသားအများအပြားထွက်ပြေးသောကြောင့်ဖြစ်ကြောင်း ပြောပြပါသည်။



ဤပုံအား KHRG ဒေသခံအဖွဲ့ဝင်မှ ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ကျောပါး ကျေးရွာစု၊ ဘ……. ရွာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်၌ ရိုက်ယူခဲ့သည်။ ဤပုံသည် မြိုင်ကြီးငူမြို့ သို့ရွာသား များ ထွက်ပြေးခဲ့ပြီးနောက် ကျောင်းပုံမှန်လည်ပတ်ရန်ခက်ခဲနေသော အရာများအား ရှင်းပြနေသော အလယ်တန်းပြကျောင်းဆရာမ နော် ဂ……..၏ပုံ ဖြစ်ပါသည်။ (ဓါတ်ပုံ - KHRG)

အဝေမ္ဘရွှေ့ပြောင်း ခြင်းမတိုင်မီ ဘ………ရွာတွင် ကျောင်းသူကျောင်းသားဦးရေ ၁၀၀ ခန့်နှင့် ဆရာ/မ ၁၁ ဦး ခန့်ရှိပြီး အ……… ရွာတွင် ကျောင်းသူကျောင်းသားဦးရေပေါင်း ၁၀၀ ခန့်နှင့် ဆရာ/မ ၆ ဦးခန့်ရှိသည်။

ကျောင်းနှစ်ကျောင်းလုံးမှာ မြန်မာအစိုးရကျောင်းလက်အောက်ခံများဖြစ်ကြပြီး မြန်မာအစိုးရ ကျောင်းဆရာ/မ များလည်း မြိုင်ကြီးငူမြို့သို့ ရွာသားများထွက်ပြေးသည့်အချိန် ထွက်ပြေးခဲ့ကြသည်။

အ......... ရွာသူကြီး KNLA စခန်းမှလွတ်လာပြီးနောက် မြိုင်ကြီးငူမြို့သို့သွားကာ ရွာသားများအား ရွာသို့ပြန်သွားရန်နှင့် ဆရာ/မ များအား ရွာကျောင်း၌စာပြန်သင်ရန် တောင်းဆိုခဲ့ကြောင်း စော စ......မှ ဖြည့်စွက်ပြောဆိုခဲ့သည်။ သို့သော် ဒေသခံမြန်မာအာဏာပိုင်များမှ ဆရာ/မ များအား ရွာသို့ပြန်သွားရန် ခွင့်မပြုခဲ့ပေ။ ထို့ကြောင့် မြိုင်ကြီးငူမြို့ မြန်မာအစိုးရအာဏာပိုင်များအား အခမ့်ရွှေ့ပြောင်းရသည့် ကလေးများ စာသင်ကြားနိုင်ဖို့ စီစဉ်ပေးရန် အ.............. ရွာမှ ရွာသူကြီးက တောင်းဆိုခဲ့သည်။ တောင်းဆိုချက်အား လက်ခံသည့်အတွက် ယခုတွင် မြိုင်ကြီးငူမြို့ ၌ ကလေးများစာသင်ကြားနေကြသည်။ အ......... ရွာမှ ထွက်မပြေးခဲ့သည့်မိဘများ၏သားသမီးတစ်ချို့ပင် မြိုင်ကြီးငူမြို့သို့ အသွားအပြန်လုပ်ကာ ကျောင်းတက်နေကြသည်။ ကျောင်းပစ္စည်းများနှင့် အစားအသောက်များအား ဗိုလ်မှူးကြီးချစ်သူ[7] သို့မဟုတ် မြန်မာအစိုးရမှ ထောက်ပံ့ပေးသည်။ အခြေအနေတည်ငြိမ်ပါက ဆရာ/မ များ ရွာသို့ တဖန်ပြန်လာ၍ ရွာတွင်ရှိသော ကျောင်းတွင် စာပြန်သင်နိုင်မည်ဖြစ်သည်။

## ရွာသားများ အခမ့်ပြောင်းရွှေ့ရခြင်းကြောင့် အိမ်မွေးတိရစ္ဆာန်နှင့် အသက်မွေးဝမ်းကျောင်းမှုအပေါ် သက်ရောက်မှု

ထွက်ပြေးသောရွာသားများမှာ ၎င်းတို့၏ အိမ်မွေးတိရစ္ဆာန်နှင့် စပါးခင်း များအား ချန်ထားခဲ့ပြီး ရွာတွင် အခြားကျန်ခဲ့သော ရွာသားများမှ ၎င်းတို့၏တိရစ္ဆာန်များအား အစာကျွေးဖို့ အကူညီတောင်းခံခဲ့သည်။

အ......... ရွာမှ ရွာသား စော စ....... ပြောကြားချက်အရ အ...............ရွာမှ ရွာသား နှစ်ယောက်သုံးယောက်တို့မှာ မြိုင်ကြီးငူမြို့တွင် ရှိနေစဉ်အတွင်း သွားစရိတ်လာစရိတ်နှင့် စားစရိတ်များအသုံးပြုနိုင်ရန် ၎င်းတို့နွားများအား တန်ဖိုးနည်းစွာရောင်းချခဲ့သည်။ အခြားရွာသားများက ၎င်းတို့အိမ်မွေး တိရစ္ဆာန်များအား မရနိုင်သည့်အဆုံးရောင်းချမည်ဖြစ်သော်လည်း လယ်မြေများကိုမူ မရောင်းဟုပြောခဲ့ပါသည်။ အခြေ အနေများ ပြန်တည်ငြိမ်လာသည့်အချိန်တွင် ပြန်လာပြီး ၎င်းတို့မြေပေါ်တွင် ပြန်လည်လုပ်ကိုင်စားသောက်မည်ဖြစ်သည်။

## နေရပ်ပြန်လာဖို့အစီအစဉ်မသေချာမရေရာ

---

[7] ချစ်သူဟု လူအများသိထားသည့် မောင်ချစ်သူသည် DKBA မှ တပ်မတော်နယ်ခြားစောင့်တပ် သို့ ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် အသွင်မပြောင်းမီ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်ဖွဲ့ (DKBA) တပ်ရင်း ၉၉၉ မှ ဗျူဟာမှူး ဖြစ်သည်။ သူ၏အခန်းကဏ္ဍမှာ တပ်အားအသွင်ပြောင်းလိုက်သည့်အချိန်မှစ၍ တော်တော်အရေးပါလာသည်။ သူသည် တပ်မတော်နယ်ခြားစောင့်တပ်၏ ဒုဗိုလ်မှူးကြီး ဖြစ်ပြီး BGF တပ်ရင်းများဖြစ်သည့် အမှတ် ၁၀၁၇ ၊ အမှတ် ၁၀၁၈၊ အမှတ် ၁၀၁၉ နှင့် အမှတ် ၁၀၁၂ တို့အား ကြီးကြပ်သည့်သူဖြစ်သည်။ ဖားအံခရိုင်၊ ကုက္ကိုတွင် အခြေချသည့် ကရင်ပြည်နယ် BGF ဗဟိုဌာနတွင် အထွေထွေအတွင်းရေးမှူးနှင့် အကြီးတန်းအကြံပေးအရာရှိအဖြစ် လုပ်ဆောင်နေသည်။ မောင်ချစ်သူ ကျူးလွန်ခဲ့သည့်ချိုးဖောက်မှုများအား ထုတ်ခဲ့သည့် KHRG အစီရင်ခံစာများတွင်ပါဝင် သောအကြောင်း အရာ တစ် ခုဖြစ်သည့် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် လှိုင်းဘွဲ့မြို့နယ်ရှိ ရွာ ၈ ရွာမှ ရွာသားများအား အတင်းအကျပ်နေရာပြောင်းခိုင်းရန်အမိန့်ပေး သည့် နယ်ခြားစောင့်တပ်ဗိုလ်မှူးအဖြစ်အား Pa'an Situation Update: June to August 2011 KHRG အောက်တိုဘာလ ၂၀၁၁ ခုနှစ်ထုတ်တွင် ဖတ်ရှုနိုင်ပါသည်။ DKBA/နယ်ခြားစောင့်တပ်ဖွဲ့ သို့ ပြောင်းလဲသည့် အကြောင်းအရာနှင့်ပတ်သက်၍အကြောင်းအရာများပိုမိုသိရှိလိုပါက Border Guard Forces of Southeast Command formed in Paingkyon of Kayin State," မြန်မာ့အလင်း၊ ဩဂုတ် ၂၂ ရက်၊ ၂၀၁၀ ခုနှစ် နှင့် Border Guard Force formed at Atwinkwinkalay region, Myawaddy Township, Kayin State, မြန်မာ့အလင်း၊ ဩဂုတ် ၂၅ ရက်၊ ၂၀၁၀ ခုနှစ်တွင် ကြည့်ရှုနိုင်ပါသည်။

ရွာသားများထွက်ပြေးပြီးရက်အနည်းငယ်တွင် KNLA ကိုယ်စားလှယ်များမှ ဘ.......ရွာတွင် အစည်းအဝေး ၁ ရပ် ကျင်းပခဲ့သည်။ ဘ.............. ရွာမှ အစည်းအဝေးတက်ခဲ့သော စော ထ................. မှ KHRG ဒေသခံအဖွဲ့ဝင်သို့ ပြောပြခဲ့သည်။

"*ရက်အနည်းငယ်က သူတို့* (KNLA ကိုယ်စားလှယ်များ) *လာပြီး ကျတော်တို့* (ဘ....... ရွာသားများ) *နဲ့ အစည်းအဝေး လုပ်ပြီး ပြောတာက 'ထွက်ပြေးသွားတဲ့ရွာသားတွေကိုစုပြီး ပြန်လာဖို့၊ သူတို့စပါးတွေကို ပြန်ရိတ်ပြီး သူတို့စားဝတ်နေရေးအတွက် အလုပ်လုပ်ဖို့ နဲ့ ရွာမှာအရင်ကလိုပြန်နေပြီး ထွက်မပြေးဖို့ ပြောလိုက်ပါ။ ငါတို့က နင်တို့ကို ထိခိုက်အောင်လုပ်မှာမဟုတ်ဘူး။ ငါတို့က အရင်ကအတိုင်း* (တပ်သား စုဆောင်း) *အမိန့်* (အထက်မှ) *လိုက်နာမှာဖြစ်တဲ့အတွက် နင်တို့ကို အတင်းအကျပ်* (ဖမ်းဆီးထိန်းသိမ်း) *မလုပ်တော့ဘူး။*

KNLA အရာရှိမှ စက်တင်ဘာလတွင် အဓမ္မပြောင်းရွှေ့ရသည့်နောက်ပိုင်း ရွာသားများ ပိုင် ဆိုင်သည့် ဥစ္စာ ပစ္စည်းများအား လက်မဲ့မဖြစ်စေရန် ၃ လ ခန့် ကြည့်ရှုစောင့်ရှောက်သွားမည်ဟု ကတိပေးထား သည့် အကြောင်းအား မြိုင်ကြီးငူမြို့သို့ထွက်ပြေးသွားသည့်ရွာသားများအား အသိပေးအကြောင်းကြားရန် ပြောခဲ့ကြောင်း စော ထ.......... မှ ဆက်လက်ဖြည့်စွက်ပြောဆိုခဲ့သည်။ ၃ လအတွင်းရွာသားများမပြန်လာခဲ့သော် ၎င်းတို့ပိုင်ဆိုင်သည့်ဥစ္စာ ပစ္စည်းများ တစ်ခုခုဖြစ်ပါက KNLA မှတာဝန်ယူမည်မဟုတ်ပေ။ ဤသတင်းအား ရရှိသည့်အချိန်တွင် အ...... ရွာ၌ KNU ခေါင်းဆောင်များနှင့်မည်သည့် အစည်းအဝေးမှ မရှိခဲ့ပါ။

ဗိုလ်မှူးကြီးချစ်သူက မြိုင်ကြီးငူမြို့မှ အဓမ္မ ပြောင်း ရွှေ့ နေထိုင်ရသည့် ရွာသားများအား ၎င်းမှ KNU ခေါင်းဆောင်များနှင့်ကိုယ်တိုင်တွေ့ဆုံဆွေးနွေး၍ ဤအကြောင်းအရာအားဖြေရှင်းမည်ဖြစ်ပြီး ရွာသားများ ပုံမှန်နေထိုင်မှုအခြေအနေပြန်လည်ရရှိရန် တစ်လ လောက်ကြာမည်ဖြစ်သည်ဟု အ........ ရွာမှ စော စ............ ပြောပြချက်အရသိရသည်။ သူမှလည်း အခြေအနေများပြန်လည်တည်ငြိမ်လာပါက ရွာသားများ၎င်းတို့ရွာသို့ပြန်ချင်ပါက ပြန်လာနိုင်ကြောင်း ပြောခဲ့သည်။ သို့သော် ရွာသားများမပြန်ချင်ပါက ဗိုလ်မှူးကြီးချစ်သူ၏ BGF စစ်သားများမှ ရွာသားများအတွက် မြိုင်ကြီးငူအထူးဒေသတွင် ခိုလှုံရန် အတွက် နေရာ ထောက်ပံ့နိုင်မည်ဖြစ်ကြောင်းပြောသည်။ စော စ............ ပြောပြချက်အရ ယခုတွင် သူတို့မှ ရာဘာ စိုက်ခင်းတစ်ချို့အား အဓမ္မပြောင်းရွှေ့ရသည့်ရွာသားများနေထိုင်ရန်အတွက် ရှင်းလင်းနေပြီဖြစ်သည်။

အ....... ရွာမှ ရွာသားအားလုံးနီးပါး မြိုင်ကြီးငူမြို့၊ ဆုံနွံ့သာမြိုင်ရပ်ကွက်ရှိ ပြည်ထောင်ဝင်းသို့ ထွက်ပြေးနေထိုင်ကြကြောင်း နှင့် ထိုနေရာသို့ရောက်ရန် လှေ နှင့် တစ်နာရီမက စီးရကြောင်း သိရသည်။ မြိုင်ကြီးငူမြို့သို့ ရွာသားများစရောက်သည့်အချိန်တွင် မြို့ခံလူများမှ နေထိုင်ခွင့်ပေးခဲ့သည်။ အချို့ရွာ သားများမှာ အခြားသူများ၏နေအိမ်များတွင် နေထိုင်သည်များရှိပြီး အချို့မှာ အိမ်အောက်နှင့် ခြံဝင်းထဲ တွင် နေထိုင်ကြသည်။ မြို့ရှိ နေအိမ်များမှာ အဓမ္မပြောင်းရွှေ့လာရသည့် ရွာသားများနှင့်ပြည့် နေပါသည်။ မြိုင်ကြီးငူမြို့သို့ထွက်ပြေးသည့်ရွာသားများမှာ ဗိုလ်မှူးကြီးချစ်သူ၊ BGF မှဗိုလ်ဖားနွီး၊ ဝေလူကျော်ဖောင်ဒေးရှင်း[8] နှင့် အခြား အဖွဲ့အစည်းများထံမှ အကူအညီများရရှိကြောင်း စော စ.........

[8] ဝေလူကျော်သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်သည့်နေရာဒေသများတွင် ပညာရေး နှင့် ကျန်းမာရေးအား ထောက်ပံ့ရန် ၂၀၁၃ ခုနှစ်တွင် ဖောင်ဒေးရှင်းတစ်ခုတည်ထောင်ခဲ့သည်။ သတင်းအချက်အလက် ပိုမိုသိရှိလိုပါက "Movie Actor Wai Lu Kyaw Launches Foundation for Edu and Health," ကမာရွတ်မီဒီယာ TV၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ တွင် ကြည့်ရှုနိုင်ပါသည်။

ထံမှသိရသည်။ အဝတ်အစားများ၊ အိုးခွက်များ၊ စားသုံးဆီများ၊ မာမားအထုပ်များ၊ ဆား၊ အချိုမှုန့်၊ ကြက်သွန်နီ နှင့် ပဲပုပ်စသည်များကို ရွာသားများမှ ရရှိကြပါသည်။ ဤသတင်းရရှိသည့်အချိန်အထိ အ......... ရွာမှ အိမ်ထောင်စု ၁၀ စုခန့်မြိုင်ကြီးငူမြို့တွင် ၎င်းတို့နာမည်များမပေးသေးကြောင်း၊ ၎င်းတို့ပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းများအား လည်း မသယ်သွားသေးကြောင်းသိရသော်လည်း ရွာသားများအဆက်မပြတ်သွားသွားလာလာ ဖြစ် နေ ခြင်းကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့အထိ သတင်းအရ လူများမှာနည်း သထက် နည်းလာ သည်ဟု သိရသည်။

အခြေအနေများတည်ငြိမ်လာပါက ရွာသားမြောက်မြားစွာ အိမ်သို့ပြန်လာချင်ကြသည့် ရည်ရွယ်ချက် ဖော်ပြခြင်းမှာ သူတို့သည် ရွာတွင်နေ၊ ရွာတွင်အလုပ်လုပ်သောသူများဖြစ်ပြီး မြိုင်ကြီးငူမြို့တွင် ဝင်ငွေရရှိနိုင်ရန်မှာခက်ခဲ၍ ဟင်းသီးဟင်းရွက်များ၊ ထင်းများ နှင့် အခြားလိုအပ်သော အရာများအား ဝယ်ရသည်။ ရွာတွင် ထိုသို့သောအရာများအား အလွယ်တကူရှာဖွေတွေ့ရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ ရွာသားအချို့မှာ အိမ်နှင့်မြေ မြိုင်ကြီးငူမြို့တွင် ရမည်ဆိုပါက မြိုင်ကြီးငူမြို့တွင် နေထိုင်မည်ဖြစ်သည်ဟု ပြောခဲ့သည်။ ယခုအချိန်တွင် ရွာသားအချို့မှာ အစားအစာများအား လှူရှင် အချို့နှင့်အဖွဲ့ အစည်း အချို့တွင်ရရှိသောကြောင့် အခြေအနေဟန်လာသည်အထိစောင့်နိုင်ခြင်းဖြစ်ပါသည်။